**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

## ၂၀၂၇ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းရေးအတွက် အသိပေးကြေညာခြင်း

**(၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ဆရာတော်ကြီးများနှင့် ပြည်တွင်း/ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်ချီးမြှင့်အပ်နှင်းလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၂၇ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေး ရွေးချယ်ရေးအဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အလိုက် ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသည့် ပြည်ပဘွဲ့ခံရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် (အမျိုးသား/အမျိုးသမီး) များအနေဖြင့် လျှောက်ထားလိုပါက သတ်မှတ်ပုံစံများကို မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏အီးမေးလ်လိပ်စာ consularservices@mewashingtondc.org သို့ **၁၅-၇-၂၀၂၆ ရက် နောက်ဆုံးထားပြီး** ဆက်သွယ်ရယူ၍ သက်ဆိုင်ရာပုံစံတွင် ဖြည့်စွက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON

*MEDC*